မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 8 , 2026 Volume 98, Number 4


၈.၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၁.၀၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၄၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၄၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၆၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## လာမည့်ဘဏ္ဍာနှစ်အတွင်း ပင်းပက်စက်ရုံမှ သံစိမ်းထုတ်လုပ်နိုင်ရန် မျှော်မှန်းဆောင်ရွက်နေ



ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တွင် သံစိမ်းထုတ်ရန်ပြင်ဆင်နေပြီး အဆိုပါစီမံကိန်းအတွင်း အလုပ်ရုံ ၂၂ ခုရှိကာ ၁၉ ရုံကိုစမ်းသပ်လည်ပတ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

“Pig Iron ထုတ်ဖို့အတွက်ကို ရုရှားနိုင်ငံက TPE ကုမ္ပဏီနဲ့ပူးပေါင်းဆောင်ရွက်တာမှာ ၁၉ ရုံက စမ်းသပ်တာပြီးသွားပြီ။ အဓိက ၃ ရုံကျန်တာ။ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံရယ်၊ အဓိက သံရည်ကျိုမဲ့ Romelt အလုပ်ရုံရယ်။ နောက် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံရယ်။ အဲဒါတွေပြီးမှ Pig Iron ကထွက်မှာ။ မူလ ဒီဇိုင်းအရဆိုရင် တစ်နှစ်ကို တန်ချိန် ၂ သိန်းထွက်မှာ”ဟု အဆိုပါစီမံကိန်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ကျန်အလုပ်ရုံ(၃)ရုံကို ရုရှားနိုင်ငံမှကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်နေပြီး ပြီးစီးပါက သံစိမ်း(Pig Iron) ထုတ်လုပ်မှုစတင်မည်ဖြစ်ကာ နှစ်စဉ်တန်ချိန် ၂ သိန်းထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။

“ကုန်ကြမ်း သံရိုင်း(၂)မျိုးက စက်ရုံနားမှာပဲရှိတယ်။ သံရိုင်းတွေဆိုတာ တန်ချိန်သန်း(၇၀) လောက်ရှိတယ်။ ပြီးတော့ ထုံးကျောက်ကလည်း စက်ရုံနားကရွာမှာရှိတယ်။ ဒိုလိုမိုက်ကျတော့လည်း စက်ရုံနဲ့ (၆)မိုင်လောက်ပဲဝေးတယ်။ ဟိုပုံးမြို့နယ်ထဲကယူမှာ။ နောက် သဲကိုကျတော့ ပြင်ညောင်ဘက်က တင်ဒါခေါ်ပြီးဝယ်မယ်။ နောက် ကျောက်မီးသွေးက ကျေးသီးကနေတင်မယ်။ အဲဒါက နည်းနည်းဝေးတယ်။ ကုန်ကြမ်းလုပ်ကွက်တွေက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းကတူးဖော်ထုတ်လုပ်ခွင့်ရပြီးသား”ဟုပြောသည်။

လာမည့် (၂၀၂၆-၂၀၂၇)ဘဏ္ဍာနှစ်အတွင်း သံစိမ်းစတင်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားပြီး အဆိုပါ သံစိမ်းကို သံရည်ကျိုလုပ်ငန်းများနှင့် အမှတ် (၁)သံမဏိစက်ရုံမြင်းခြံရှိ သံမဏိထုတ်လုပ်သည့်လုပ်ငန်း၌ ရာခိုင်နှုန်းတစ်ခုအနေဖြင့် ထည့်သွင်းအသုံးပြုနိုင်ကြောင်း လည်းသိရသည်။

"ကျန်နေတာမှာ အောက်ဆီဂျင်အလုပ်ရုံကို အရင်ရုရှားကကျွမ်းကျင်သူတွေနဲ့ပူးပေါင်းပြီး လုပ်နေတာပေါ့။ ဒီဖေဖော်ဝါရီလောက်မှာ အောက်ဆီဂျင်ထွက်အောင်ပေါ့။ အဲဒါနဲ့အတူတူပဲ ကျန်တဲ့အလုပ်ရုံကိုလည်း ဆက်ပြီးလုပ်မှာ။ ကျန်တဲ့ Romelt ကတော့ အဓိကသံရည်ကျိုတာပေါ့။ အဲဒါကတော့ ရုရှားနိုင်ငံက ထောက်ပံ့ကြေးပေးမှာပေါ့။ ထောက်ပံ့ကြေးရရင် လုပ်ဖို့အတွက် စီစဉ်ထားတာပေါ့။ လာမဲ့နှစ်ထဲတော့ ပြီးလောက်ပါတယ်။ လာမယ့်ဘဏ္ဍာနှစ်ထဲထွက်ရှိဖို့ကိုတော့ မျှော်မှန်းထားတာပေါ့။ လုပ်နေကြတာပဲ။ရုရှားကလည်းတောက်လျှောက်လာပြီးလုပ်နေတာပဲ"ဟု ၎င်းကဆက်ပြောသည်။

အဆိုပါစီမံကိန်းကို ယခင်က အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရာ (၂၀၂၁)ခုနှစ်နောက်ပိုင်းမှစတင်၍ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လာခြင်းဖြစ်သည်။

**Source :** https://npnewsmm.com/

## တရုတ်နိုင်ငံမှ မြန်မာ့ပဲတီစိမ်း ပြန်လည်ဝယ်ယူမှုကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တက်လာ



မြန်မာ့ပဲတီစိမ်းကို တရုတ်နိုင်ငံမှ ပြန်လည် ဝယ်ယူလာမှုကြောင့် ပြည်တွင်း ဈေးကွက်တွင် ပဲတီစိမ်း အမျိုးအစားအချို့ ဈေးနှုန်းများပြန်လည် မြင့်တက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။

အဆိုပါ မြန်မာ့ပဲတီစိမ်းကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ ညှိနှိုင်းခဲ့ခြင်းဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြန်မာ့ပဲတီစိမ်းဝယ်ယူနေသည့် တရုတ်နိုင်ငံအနေနဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းက ပိုးသတ်ဆေးဓာတ်ကြွင်းများများပြားနေခြင်းကြောင့်ဟုဆိုကာ တင်ပို့ခဲ့သည့် ပဲတီစိမ်း တန်ချိန် ၁၀,၀၀၀ ကျော်ကို ပြန်လည်ပို့ဆောင်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပဲတီစိမ်း တစ်ပိဿာ ဈေးနှုန်းဟာ ငွေကျပ် ၅၁၆၅ - ၅၁၈၅ သို့ရောက်ရှိခဲ့ပြီး ယခု ပြန်လည်ဝယ်ယူမှုကြောင့် ကျပ် ၅၅၀၀- ၅၅၂၀ သို့ ဈေးမြင့်တက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။

ထို့အတူ ပြည်ပသို့ရောင်းချနေသည့် FOB ဈေးမှာလည်း ပဲတီစိမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၇၀- ၈၈၀ မှ ၉၁၀- ၉၂၀ သို့ ဈေးနှုန်းမြင့်တက်လာကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ဒေသထွက် ပဲတီစိမ်းကို တရုတ်နိုင်ငံဈေးကွက်အပြင် အိန္ဒိယ၊ ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်နိုင်ငံများကိုလည်း တင်ပို့ရောင်းချနေကြောင်း၊ သို့သော် ယခုနှစ်တွင် အိန္ဒိယနိုင်ငံက မြန်မာ့ပဲတီစိမ်းကို မတ်ပဲ၊ ပဲစင်းငုံကဲ့သို့ အခွန်မဲ့ဝယ်ယူတင်သွင်းမည့် အစီအစဉ်အား ပယ်ဖျက်ခဲ့သည့်အတွက် မြန်မာ့ပဲတီစိမ်းကို အီးယူနှင့် တရုတ်ဈေးကွက်ကိုသာ အဓိကဦးတည်ရောင်းချရမည့် အခြေအနေဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့ပြင် အီးယူနိုင်ငံများမှ ဝယ်လိုအားနည်းခြင်းကြောင့် တရုတ်ဈေးကွက်က အရေးပါလာသည့်အတွက် တစ်နှစ်လျှင် တန်ချိန် ၁ သန်းကျော် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့ပဲတီစိမ်းကို တရုတ်ဈေးကွက်က ၆၀ ရာခိုင်နှုန်းကျော် ဈေးကွက်ဝေစု ရယူထားခြင်းဖြစ်ကြောင်း သိရပါတယ်။

ထို့ကြောင့် တရုတ်ဈေးကွက်သည် မြန်မာနိုင်ငံမှ ပဲတီစိမ်း စိုက်ပျိုးသည့် တောင်သူလယ်သမားများအတွက် အဓိကအခန်းကဏ္ဍအဖြစ်ပါဝင်နေပြီး ဆောင်းပဲတီစိမ်း စိုက်ပျိုးမည့်တောင်သူများအနေဖြင့် မိမိစိုက်ပျိုးသော သီးနှံကို GAP စနစ်ဖြင့် စိုက်ပျိုးပြီး ပိုးသတ်ဆေးများ၊ ဓာတုဆေးများသုံးစွဲမှုကိုလည်း စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရန် တင်ပို့ရောင်းချသူများက အကြံပြုထားကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ပေါ်ဦးပေါ်စ စတော်ဘယ်ရီများဈေးကွက်သို့ စတင်ဝင်ရောက်လာ



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်သည် တောင်ပေါ်မြို့လေး ဖြစ်ပြီးခရီးသွားဧည့်သည်များ၊လည်ပတ်သူများဖြင့် အမြဲမပြတ်စည်ကား လျက်ရှိသည်။

ခရီးသွားများ များလာသည်အမျှ ဒေသထွက်ကုန်ဖြစ်သော ပန်းမန်၊ နေကြာ၊ မက်မန်း၊ ထောပတ်စသည့် သီးနှံများအပြင် ဒေသထွက်ကုန် ဖြစ်သော စတော်ဘယ်ရီမှာလည်း လူကြိုက်များပြီး အရောင်းအဝယ်ဖြစ် လျက်ရှိသည်။

ပြင်ဦးလွင်မြို့သည် နှစ်ရှည်သီးနှံအပြင် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးပြီး ခြံစိုက်တောင်သူများ မိသားစုဝင်ငွေရရှိလျက် ရှိသည်။

စတော်ဘယ်ရီသီးနှံကို မိရိုးဖလာစိုက်ပျိုးသူများလည်းရှိသည်။ စတော်ဘယ်ရီသီးနှံကို ယို၊ ဝိုင်၊ တော်ဖီ စတော်ဘယ်ရီ ဖျော်ရည်အပြင် သကြားဖြူး၍လည်း အလွယ်တကူစားသောက်နိုင်သည်။ ယခုအချိန် မန္တလေးမြို့တွင်းသို့ စတော်ဘယ်ရီသီးများ စတင်ရောင်းချနေပြီး ဈေးနှုန်းအနေဖြင့် ၁ ပိဿာလျှင် ၁၇,၀၀၀-၁၈,၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

## စပါးမျိုးစေ့ထုတ်ရန် တစ်ဧက ကျပ်နှစ်သိန်းခွဲ ထုတ်ချေးပေးဖို့ စီစဉ်



စပါးမျိုးစေ့ထုတ်လုပ်ငန်းများအတွက် တစ်ဧကကို ကျပ်နှစ်သိန်းခွဲနှုန်းနဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင် ရေးဦးဆောင်အဖွဲ့ရဲ့ အရင်းမပျောက် မတည်ငွေကနေ ထုတ်ချေးပေးဖို့ စီစဉ် ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေ သိရပါတယ်။

Export Zone တွေမှာ စိုက်ပျိုးဆောင်ရွက်မဲ့ ဆန်စပါးမျိုးတွေ၊ ထွက်ရှိ လာတဲ့မျိုးတွေကို မျိုးစေ့ပေါက်ဈေးနဲ့ ညီမျှတဲ့ မျိုးစေ့ဝယ်ယူပြီး ပုဂ္ဂလိကဆန်စက်တွေကနေ ဝယ်ယူသိုလှောင်ရေး ဆောင်ရွက် ဖို့ဆုံးဖြတ်ခဲ့မှုအပေါ် အတည်ပြုဆောင်ရွက်ဖို့ ဇန်နဝါရီလ ၅ ရက်က ကျင်းပခဲ့တဲ့ အစိုးရ၊ ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲမှာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားခဲ့ပါတယ်။

ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မဲ့ အလားအလာရှိတဲ့ ပို့ကုန်တွေကို ပိုမိုတိုးချဲ့ထုတ်လုပ် တင်ပို့နိုင်ရေး ဆောင်ရွက်ရာမှာ ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းတွေ၊ Export Zone တွေ ဖော်ဆောင်ပြီး ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမယ်လို့ ဆိုပါတယ်။

ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ Export Zone တွေ ဖော်ဆောင်နိုင်ရေးအတွက် ကျင်းပခဲ့ပြီးဖြစ်တဲ့ အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲတွေမှာ ဖော်ထုတ်ချက် ၁၇ ချက်နဲ့ ဆွေးနွေးပွဲဆုံးဖြတ်ချက်တွေအရ ဆောင်ရွက်နိုင်မဲ့ ဧက၊ အကောင်အထည်ဖော် ဆောင်ရွက်မဲ့ အခြေအနေတွေနဲ့ Export Zone ဆောင်ရွက်မဲ့ ကုမ္ပဏီ ၅၈ ခုက ဆန်စပါးမျိုး ဆောင်ရွက်မဲ့ ဒေသတွေ သတ်မှတ်နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) အနေနဲ့ လက်ရှိမှာ ပို့ကုန်(၂)ဆ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ Rice Export Zone တွေကို မြို့နယ် ၁၀၀ ခန့်မှာ ဖော်ဆောင်ဖို့ဆောင်ရွက် လျက်ရှိပါတယ်။

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီတွင် ဧက ၂၅၀,၀၀၀ ၊ ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် ဧက ၃၅၀,၀၀၀ အထိ ဆောင်ရွက် သွားမယ်လို့လည်း MRF ကနေ သိရပါတယ်။

**Source : BETV Business**

## ပန်းတနော်မြို့နယ်၌ ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ဒေသထွက် ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

ပန်းတနော်မြို့နယ်မှ ကန်စွန်းဥ စိုက်ဧက ၁၁၉၄ ဧက စိုက်ပျိုးရန် လျာထားသော်လည်း ၈၅၀ ဧကခန့် ကြောင်း သိရသည်။

ကန်စွန်းဥ စိုက်ပျိုးမှုအနေဖြင့် မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်မျိုး စိုက်ပျိုးကြောင်းသိရသည်။

ကန်စွန်းဥ စိုက်ပျိုးချိန်မှာ မေလတွင် စတင်စိုက်ပျိုးပြီး ၁ ဧက စိုက်ပျိုးမှုအတွက် ကန်စွန်းပင်ဖြတ်ပိုင်း ၂၅,၀၀၀ ခန့် စိုက်ပျိုးကြောင်း၊ ကန်စွန်းဥတစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၁,၅၀၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၃လခွဲအကြာ စတင်တူးဖော်ကြသည်။

ကန်စွန်းဥ ၁ ဧကလျှင် ပိဿာချိန် ၂၅၀၀ မှ ၃၀၀၀ ခန့်အထိ ထွက်ရှိကြောင်းသိရသည်။

ဖြန့်ဖြူးရောင်းချမှုအနေဖြင့် လက်ကားဈေးအနေဖြင့် ကန်စွန်းဥအဖြူ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ အဝါတစ်ပိဿာလျှင် ၃၅၀၀ ကျပ်၊ ခရမ်းတစ်ပိဿာလျှင် ၆၀၀၀ ကျပ်ဖြင့် ရောင်းချကြကြောင်း၊ လက်လီဈေးအနေဖြင့် ကန်စွန်းဥအဖြူ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်၊ အဝါတစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ ခရမ်းတစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဖြင့် အကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားလျက်ရှိကြောင်း၊ ကန်စွန်းဥ ၁ ဧက အကျိုးအမြတ်အနေဖြင့် ၃,၈၀၀,၀၀၀ ကျပ်ခန့်ရရှိကြောင်း၊ စိုက်စရိတ်သက်သာပြီး အကျိုးအမြတ်ရရှိသဖြင့် ကန်စွန်းဥများကို တောင်သူများအနေဖြင့် စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်ထက် စိုက်ပျိုးသူနည်းသော်လည်း ယခုနှစ် စိုက်ပျိုးသူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း ရန်ကုန်သို့လည်း အနည်းငယ်တင်ပို့ကြောင်း စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source : DOCA(ဧရာဝတီ)**

## IEU–CEPA သည်ရေထွက်ကုန်တင်ပို့မှုကိုမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်နေသည့် အင်ဒိုနီးရှား



အင်ဒိုနီးရှားရေကြောင်းရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက အင်ဒိုနီးရှား–ဥရောပဘက်ပေါင်းစုံ စီးပွားရေးမိတ်ဖက် သဘောတူညီချက်(IEU–CEPA) ကို အင်ဒိုနီးရှား၏ ငါးနှင့် ရေထွက်ကုန်များ ဥရောပသို့တင်ပို့မှုတိုးမြှင့်ရာတွင် ထိရောက်စွာအသုံးချရမည်ဟု ပြောကြားခဲ့သည်။

ရေကြောင်းနှင့်ငါးလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းစေရေးအတွက် ခေတ္တညွှန်ကြားရေးမှူးချုပ် Machmud က ၎င်းတို့သည် အကောက်ခွန်ကောက်ခံခြင်းမခံရမည့် IEU–CEPA ကြောင့် အခွင့်အလမ်းကို ပိုင်ဆိုင်ထားကြောင်း ပြောကြားခဲ့သည်။

ကျောက်ကျောအစရှိသည့် ပင်လယ်ကျောက်ပွင့်မှဆင်းသက်လာသည့် ထုတ်ကုန်များနှင့်လက်မှုပစ္စည်းများအတွက် အင်ဒိုနီးရှားသည် ဥရောပဈေးကွက်တွင် အမေရိကန် ဒေါ်လာ ၁၃ ဒသမ၆၅ သန်းတန်ကုန်သွယ်ရေး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ရည်မှန်းချက်ဖြစ်သည့် အမေရိကန် ဒေါ်လာ ၈ သန်းကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ပုစွန်နှင့် တူနာပါဝင်သည့် ငါးထုတ်ကုန်များသည် IEU–CEPA မတိုင်မီကတည်းကတင်ပို့မှုမြင်တက်ခဲ့ခြင်းက အင်ဒိုနီးရှားရေထွက်ကုန်များအတွက် ဥရောပ၏အားကောင်းသောဝယ်လိုအားကို ရောင်ပြန်ဟပ်ကြောင်း သိရသည်။

Machmud က သဘောတူညီချက်စတင်အသက်ဝင်ချိန်မှစ၍ ဥရောပသို့တင်ပို့မှုဆက်လက် ကြီးထွားရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနသည်လည်း အလားအလာရှိသော ဥရောပဝယ်ယူသူများ ကို အင်ဒိုနီးရှားငါးပြုပြင်ထုတ်လုပ်သည့်စက်ရုံများသို့ လည်ပတ်ရန် တိုက်ရိုက် ဖိတ်ခေါ်ခြင်းအားဖြင့် အရောင်းမြှင့်တင်ရန် အားထုတ်လျက်ရှိကြောင်း သိရသည်။

အစီအစဉ်ကို ၂၀၂၆ ခုနှစ် ဧပြီလတွင် စပိန်နိုင်ငံဘာစီလိုနာမြို့တွင်ကျင်းပမည့် ကုန်စည်ပြပွဲပြီးနောက်တွင် မေလ သို့မဟုတ် ဇွန်လ စီစဉ်ထားကြောင်း သိရသည်။

ကုန်သွယ်ရေးဝန်ကြီး Budi Santoso က IEU-CEPA ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးရန် ရည်မှန်း ထားကြောင်းနှင့် သဘောတူညီချက်နှင့်ပတ်သက်၍ လတ်တလောတွင် ဥပဒေမူကြမ်းရေးဆွဲလျက်ရှိပြီး များစွာသော ဘာသာစကားများသို့ဘာသာပြန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**Antara News**

**DOCA (ရန်ကုန်)**

## အိန္ဒိယနိုင်ငံအားကျော်လွန်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထိပ်သီး ဝါဂွမ်းတင်သွင်းသော နိုင်ငံဖြစ်လာသည့် ဘရာဇီးနိုင်ငံ



ဘရာဇီးနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံကို ကျော်လွန်၍ ကမ္ဘာ့ဝါဂွမ်း အများဆုံးတင်သွင်းသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိက ဝါဂွမ်းတင်သွင်းသည့်နိုင်ငံဖြစ်လာကြောင်း အမေရိကန်နိုင်ငံစိုက်ပျိုးရေးဦးစီးဌာန (USDA) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဈေးကွက်နှစ် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း သြဂုတ်လအစတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ချည်စိမ်းအထုပ်ရေ ၈ ဒသမ ၂၈ သန်းခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချည်စိမ်းအထုပ်ရေ ၁ ဒသမ၉ သန်းခန့် တင်ပို့ခဲ့ကြောင်းနှင့် ၎င်းပမာဏသည် တင်သွင်းမှုစုစုပေါင်း၏ ၂၃ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချည်စိမ်းအထုပ်ရေ ၁ ဒသမ၄ သန်းခန့် တင်ပို့ခဲ့ပြီး ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

USDA၏ အစီရင်ခံစာအရ ဘရားဇီးနိုင်ငံမှ တင်ပို့သော ဝါဂွမ်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝါဂွမ်းကြိတ်စက်များ အကြားတွင် ၎င်း၏ ဈေးနှုန်းသက်သာမှုကြောင့် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

လက်ရှိဈေးကွက်နှစ် ၂၀၂၆ ခုနှစ်အတွက် USDA က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဝါဂွမ်းအထုပ်ရေ ၈ ဒသမ၄ သန်းခန့်တင်သွင်းလိမ့်မည်ဖြစ်ကြောင်း ယခင် ဈေးကွက်နှစ် ၂၀၂၅ ခုနှစ် MY 25 ထက် ၁ ဒသမ၄ ရာခိုင်နှုန်းခန့်မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းချက် အားထုတ်ပြန်ကြေညာခဲ့သည်။

ပြည်တွင်းတွင် ဝါဂွမ်းများကို ၄၅၀၀ မှ ၄၆၀၀ ဟက်တာဧကအတွင်းသာ စိုက်ပျိုးလျက်ရှိသည့်အတွက် တစ်နှစ်ပတ်လုံး ဝါဂွမ်းထုတ်လုပ်မှုသည် အထုပ်ရေ ၁၅၃,၀၀၀ ခန့်သာရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်အလိပ်လုပ်ငန်း၏ တစ်နှစ်ပတ်လုံး ဝါဂွမ်းသုံးစွဲမှုသည် အထုပ်ရေ ၁၅ သန်းခန့်ရှိသဖြင့် နိုင်ငံခြားမှ တင်ပို့သော ဝါဂွမ်းများကိုသာ မှီခိုနေရကြောင်း သိရသည်။

ဝါဂွမ်းကြိတ်စက်လုပ်ငန်းသည် ချည်စိမ်းများကို အသုံးပြု၍ ချည်လုံးနှင် ချည်မျှင်များကို ယခင်တန်ချိန် ၁ ဒသမ၇ သန်းခန့် ထုတ်လုပ်ရာမှ ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉ သန်းခန့်ထုတ်လုပ်မှု တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ချည်စိမ်းတင်သွင်းမှုများ မြင့်တက်နေသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အသင့်ဝတ် အဝတ်အစား ထုတ်လုပ်သည့်လုပ်ငန်းသည် ချည်မျှင်နှင့်အထည်များ ပိုမိုတင်သွင်းရန် မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားနိုင်ငံသို့ ချည်မျှင်အများဆုံးတင်ပို့သည့်နိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်ပြီး အဆိုပါတင်ပို့မှုများပြားခြင်းသည် ၎င်းနိုင်ငံ၏ ကြီးမားသော ဝါကြိတ်စက်များရှိနေခြင်းကြောင့်ဖြစ်ပြီး အထည်တင်ပို့မှုအများဆုံးနိုင်ငံသည် တရုတ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**Source: The Daily Star**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (8.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jan. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,284 (Shares) | 12,629,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,600 | 8,500 | 405 | 3,450,500 | 33,109,699 | 281,432 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 44 | 166,450 | 38,929,155 | 147,931 |
| MCB | 00003 | 7,500 | -200 | -2.60% | 7,700 | 7,700 | 7,500 | 43 | 330,900 | 10,400,991 | 78,007 |
| FPB | 00004 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 371 | 946,050 | 29,664,618 | 75,645 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 193 | 618,900 | 12,823,229 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 4,108 | 6,707,700 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | +200 | +4.65% | 4,400 | 4,500 | 4,400 | 16 | 71,400 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 104 | 338,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 8th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.73 | -2.38 | -0.57% | 414.38 | 417.25 | 413.93 | 5,284 | 12,629,900 | 8 | 782,258 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 8th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 10,306 (Shares) | 27,141,900 (MMK) |

## Main Board

As of 1:00 pm, 8th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,284 (Shares) | 12,629,900 (MMK) |

| MYANPIX | 414.73 ▼ 2.36 |
|---|---|
| Total Volume (shares) | 5,284 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 782,258 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,500 | ▼ 200 |
| FPB | 00004 | 2,550 | ▲ 0 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 200 |
| MAEX | 00008 | 3,250 | ▼ 50 |

TIR